## ရှေးဟောင်း ဗုဒ္ဓတက္ကသိုလ်ကြီးများ

ဗုဒ္ဓဝါဒ ပေါ်လာခြင်းနှင့်အတူ အိန္ဒိယ အနုပညာနှင့် မြို့ပြယဉ်ကျေးမှု တိုးတက်ခဲ့သည်။ ဗုဒ္ဓဝါဒနှင့် ထိတွေ့မှုကြောင့် အိန္ဒိယသည် ရှုထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ယင်းသည် ဥရောပတွင် **ဣသရနိမ္မာန** (တစ်ဆူတည်း ဖန်ဆင်းရှင်ရှိ)ဝါဒ ကြီးစိုးလာခြင်းကြောင့် ရောမအင်ပါယာ ဖြစ်ပျက်ခဲ့သည်နှင့် မူတူချေ။ ဣသရ နိမ္မာနဝါဒသည် ဥရောပအား အမှောင်ခေတ်သို့ ရောက်စေသည်။ ဤခေတ်အတွင်း ယခင်က ဂရိတို့၏ ရှိပြီး တိုးတက်မှု အရှိန်သည် နှောင့်နှေး ရပ်စဲသွားခဲ့သည်။ အတွေးအမြင်ဆိုင်ရာ ကျောင်းများ ပိတ်ပင်ခံရသည်။ အလက်စန္ဒရီးယားမြို့ရှိ နာမည်ကျော် စာကြည့်တိုက်ကြီးကို ရိုမန်ကက်သိုလစ် ဘုန်းကြီးတစ်ပါး ဦးဆောင်သည့် ဣနိအုပ်စုက မီးရှို့ပစ်ခဲ့သည်။

အမျိုးသမီး ဒဿနပညာရှင် ဟိုင်ပါတီးယားနှင့် ၎င်း၏ ဆရာအား ဘုရားကျောင်း တစ်ခုအတွင်းသို့ ဆွဲယူသွားပြီး အသားများကို ခန္ဓာကိုယ်မှ ဆုတ်ဖြဲပစ်ခဲ့သည်။ ယင်းဖြစ်စဉ်နှင့် အတူ ဥရောပတိုက်သည် အသိပညာမဲ့သည့် အမှောင်ခေတ်သို့ ကျရောက်သွားပြီး နှစ်ပေါင်းထောင်နှင့်ချီ၍ ဆင်ရဲ နွမ်းပါးခဲ့သည်။ ဥရောပသမိုင်း၏ အမှောင်ခေတ်သည် အမှန်သော် ဣနိဘုရားကျောင်းများ၏ ရွှေခေတ်ပင် ဖြစ်သည်။ အကြောင်းမူ ထိုခေတ်အတွင်း လူပေါင်း မြောက်မြားစွာကို ဣနိဝါဒသို့ အဓမ္မသွတ်သွင်းနိုင်ခဲ့သောကြောင့် ဖြစ်သည်။ လူ့ယဉ်ကျေးမှု၏ သင်္ကေတကို ထားပစ်ခဲ့ကြသည့် ဆိုကရေတီး၊ ပလေတို၊ အရစ္စတိုတယ်၊ ဆေနေကာနှင့် ပလီနီကဲ့သို့သော ဥရောပ၏ ဒဿနနှင့် အသိပညာရှင်ကြီးများသည် ဣနိဝါဒမပေါ်မီ တည်ရှိခဲ့သော လူသားဘုရား များဖြစ်ကြသည်။ ယင်းသို့သော ပုဂ္ဂိုလ်များ မရှိခြင်းသည် ဣသရနိမ္မာန ခေတ်သားတို့အား မျက်နှာဖုံးစွပ် ခံရမှုကို ဖြစ်ပေါ်စေသည်။ အမှောင်ခေတ်တွင် အသိပညာမဲ့ခြင်းနှင့် ဘာသာရေး သည်းမခံနိုင်မှုများ လွှမ်းမိုးခဲ့သည်။

အေဒီ ၇–ရာစုတွင် ပေါ်လာသည့် ဣနိဝါဒီဂိုဏ်းသစ် တစ်ခုသည် အမှောင်ခေတ် ကုန်ခါနီးတွင် ရောမအင်ပါယာ၏ အစိတ်အပိုင်းများကို တိုက်ခိုက် အောင်နိုင်လျက် စပိန်၊ ပေါ်တူဂီနှင့် ပြင်သစ်နိုင်ငံ တစ်ချို့ တစ်ဝက်ထိကို စိုးမိုးအုပ်ချုပ်ခဲ့သည်။ ဣနိဂိုဏ်းသစ်သည် ဂရိနှင့်ရောမ တို့ထံမှ အသိပညာ ရယူသကဲ့သို့ အိန္ဒိယနှင့် ဆက်သွယ်မှုမှ ရရှိခဲ့သည့် အသိပညာများလည်း ရှိကြသည်။ ယင်းအသိအမြင်သည် တည်ရှိပြီး ဣနိဂိုဏ်းဟောင်းကို နှစ်ခြမ်းကွဲစေသည်။

ဣနိဂိုဏ်းဟောင်းမှ ခွဲထွက်အုပ်စုတို့ ခံယူလာသည့် လစ်ဘရယ်မူဝါဒသည် အသိပညာ ဆန်းသစ်မှုကို ဖြစ်ပေါ်စေပြီး ယင်းမှ တစ်ဆင့် ဥရောပတိုက်သားများသည် ဘုရားကျောင်း၏ အရှိန်အဝါကို တွန်းလှန်နိုင်လျက် ယဉ်ကျေးမှု စတင် ထွန်းလင်းခဲ့ရသည်။

အိန္ဒိယ၌မူ ယင်းဖြစ်စဉ်နှင့် မတူဘဲ ဗုဒ္ဓဝါဒ ထွန်းကားလာခြင်းကြောင့် ယခင်က မရှိခဲ့ဖူးသည့် ပညာသင်ကြားရာဌာန အများအပြား ပေါ်ပေါက်လာသည်။ ဗုဒ္ဓဝါဒီ ရဟန်းများသည် တောတောင်၌ သမထ ဝိပဿနာ ပွားများ အားထုတ်သည့် ဘဝကိုဖြစ်စေ သို့မဟုတ် ဓမ္မကို သင်ယူပို့ချသည့် ဘဝကိုဖြစ်စေ ရွေးချယ်နိုင်သည်။ ဒုတိယအုပ်စု ဖြစ်သည့် စာပေသင်ကြားပို့ချသည့် ရဟန်းများကြောင့် ပညာသင်ကြားရာ ဌာနကြီးများ ပေါ်ပေါက်လာပြီး ယင်းတို့သည် တဖြည်းဖြည်း တိုးတက်လာလျက် အချို့မှာ တက္ကသိုလ် အဖြစ်သို့ ပြောင်းလဲသွား၏။ ထို့ကြောင့် အိန္ဒိယ ဗုဒ္ဓဘာသာတွင် ကမ္ဘာကျော် တက္ကသိုလ်ကြီး ၆–ခု တည်ရှိခဲ့ခြင်း ဖြစ်၏။ ယင်းတို့မှာ နာလန္ဒာ၊ ဝိက္ကမသီလာ၊ ဩဒန္တပူရီ၊ ဂျဂဒ္ဒါလာလ၊ သောမပူရနှင့် ဝလ္လာဘိ တက္ကသိုလ်တို့ ဖြစ်ကြသည်။

### နာလန္ဒာတက္ကသိုလ်

နာလန္ဒာသည် အိန္ဒိယ ရှေးဟောင်း တက္ကသိုလ်များတွင် အထင်ရှားဆုံး ဖြစ်၏။ ယင်းသည် ရှေးခေတ် မဂဓနိုင်ငံ (ယခု ဗီဟာပြည်နယ်) တွင်

တည်ရှိပြီး အပျက်အစီးများကို အိန္ဒိယရှေးဟောင်း သုတေသနဌာနက ထိန်းသိမ်းထားသည်။ မဂဓသည် ဗုဒ္ဓဝါဒ ထွန်းကားခဲ့သည့် နိုင်ငံအဖြစ် ကျော်ကြားသည်။ ဗိဟာဟူသော အမည်သည်ပင် ဘုန်းကြီးကျောင်းနှင့် ပညာသင်ကြားရာဌာန ပေါ်များသောကြောင့် ခေါ်တွင်လာခြင်း ဖြစ်သည်။ နာလန္ဒာသည် ဗုဒ္ဓဘုရားရှင် လက်ထက်က ချမ်းသာကြွယ်ဝသည့် မြို့ဖြစ်သည်။ ဗုဒ္ဓသည် တရားဓမ္မ ဟောကြားရန် နာလန္ဒာမြို့သို့ ကြွရောက်ခဲ့ဖူးသည်။ ထိုစဉ် နောက်ပါ ရဟန်းတော်များနှင့် အတူ အမ္ဗဝန၌ သီတင်းသုံးခဲ့သည်။ နာလန္ဒာသည် အဂ္ဂသာဝကကြီး အရှင်သာရိပုတ္တရာ၏ မွေးဖွားရာ ဇာတိမြို့ဖြစ်ပြီး အသောကဘုရင်သည် အရှင်သာရိပုတ္တရာကို သင်္ဂြိုဟ်သည့် နေရာ၌ စေတီတစ်ဆူ တည်ထားခဲ့သည်။

နာလန္ဒာတက္ကသိုလ် အကြောင်းကို ဟာရရှသီလဒိတျ(မင်း) လက်ထက် ဂျ၊တက္ကသိုလ်သို့ ပညာသင်ကြားရန် ရောက်ရှိခဲ့သူ ထူးချွန် ပြောင်မြောက်သည့် ပညာရှင် တရုတ် ရဟန်းတော် ဟူယင်ဆန်က အသေးစိတ် မှတ်တမ်း တင်ခဲ့သည်။ ဟူယင်ဆန်သည် တရုတ်နိုင်ငံသို့ ပြန်ရောက်ပြီး နောက် ကျော်ကြားလှသည့် 'တာတန်ရှင်ယုကီ'အမည်ရှိ အနောက်သို့ ဗုဒ္ဓဘာသာ ခရီးသွားမှတ်တမ်း စာအုပ်ကို ရေးခဲ့သည်။ ယင်းမှတ်တမ်းကို ပီကင်း၌ တရုတ်သံအမတ် အဖြစ် ဆောင်ရွက်ခဲ့သူ ဗြိတိသျှပညာရှင် ဆင်မျူရယ် ဗီးလ်က အင်္ဂလိပ် ဘာသာပြန်ဆိုခဲ့သည်။

ယင်းမှတ်တမ်းကို ဥရောပ ရှေးဟောင်းသုတေသန ပညာရှင်များက သတင်းမှန် ရတနာသိုက်ဟု ကင်းပွန်းတပ်ကြသည်။ ၎င်းတို့သည် ယင်း မှတ်တမ်း၌ ဖော်ပြသည့် အချက်အလက်များမှာ အိန္ဒိယရှိ ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သည့် နေရာတော်များကို ရှာဖွေတွေ့ရှိရေးအတွက် တန်ဖိုး ကြီးမားကြောင်း နားလည်ကြသည်။ အိန္ဒိယ ဌာနေများနှင့် ပညာရှင်များသည် ယင်းနေရာများကို နှစ်ပေါင်းများစွာ မသိကျိုးကျွံ ပြုခဲ့ကြပြီး ရှေးဟောင်း သုတေသန ပညာရှင်များအား မည်သို့မျှ အကူအညီ မပေးနိုင်ဘဲ ရှိကြသည်။ အိကျင် (အေဒီ ၆၇၅–၆၈၅)သည် အိန္ဒိယသို့ ကြွရောက်ပြီး နာလန္ဒာ တက္ကသိုလ်၌ ပညာသင်ကြားခဲ့သည့် ဒုတိယမြောက် တရုတ်ရဟန်းတော် ဖြစ်သည်။ အိကျင်လည်း ဟူယင်ဆန်ကဲ့သို့ပင် ၎င်း၏ အိန္ဒိယခရီးစဉ် မှတ်တမ်းကို ရေးသားခဲ့သည်။ ယင်း မှတ်တမ်းတွင် နာလန္ဒာ တက္ကသိုလ်နှင့် ယင်း၌ ၎င်းနေထိုင်ခဲ့သည့် အကြောင်းအရာများကို ဖော်ပြခဲ့သည်။ တရုတ် ရဟန်းတော် ဖာဟီယန် (အေဒီ ၃၉၉–၄၁၄) အတွင်း နာလန္ဒာမြို့သို့ ရောက်ရှိစဉ် ယင်းတက္ကသိုလ်သည် သာမန် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတိုက် တစ်ခုမျှသာ ဖြစ်သည်။ တိဗက်လားမား ရဟန်းတော် တာရနာထလည်း ၎င်း၏ ကျမ်းများ၌ နာလန္ဒာ တက္ကသိုလ် အကြောင်းကို ဖော်ပြခဲ့သည်။

ကုမာရဂုတ္တမင်း (အေဒီ ၄၁၅–၄၅၅)သည် နာလန္ဒာမြို့၌ ပထမဆုံးသော ဘုန်းကြီးကျောင်းကို တည်ဆောက်ခဲ့သည်။ ယင်းသည် ဗုဒ္ဓဘာသာ စာသင်သား ရဟန်းတော်များအတွက် သင်တန်းကျောင်း ဖြစ်သည်။ ယင်းနေရာသည် နာလန္ဒာမြို့တော်နှင့် မနီးမဝေးတွင် တည်ရှိသည်။ သို့ဖြစ်၍ ယင်းနေရာကို ဗုဒ္ဓဘာသာ ရဟန်းတော်များ ပညာဆည်းပူးရာ စံပြဗဟိုဌာနအဖြစ် ရဟန်းတော်များက ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ နာလန္ဒ တက္ကသိုလ်မှာ အဆိုပါ ဘုန်းကြီးကျောင်းကို တိုးချဲ့ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဗုဒ္ဓဂုတ္တ (အေဒီ ၄၅၅–၄၆၇)၊ ဇတဂထဂုတ္တ (အေဒီ ၄၆၇–၅၀၀)၊ ဗာလာဒိတျ (အေဒီ ၅၀၀–၅၂၅)နှင့် ဝဇိရ (အေဒီ ၅၂၅–)တို့က အဆောက်အဦများ တိုးချဲ့ဆောက် လုပ်ခဲ့ကြသည်။ ဗာလာဒိတျမင်းသည် ပေသုံးရာမြင့်သည့် ဘုရားဝတ်ပြုကျောင်း တစ်ဆောင် ဆောက်လုပ်ခဲ့သည်။ ၎င်း၏သား ဝဇိရသည် ငါးခုမြောက် အဆောင်ကို ဆောက်လုပ်ခဲ့ပြီး ဟာရသျှ သီလဒိတျ ဘုရင်ကမူ ခြောက်ခုမြောက် အဆောင်ကို ဆောက်လုပ်လျက် ကျောင်းတိုက်ကြီး၏ ပတ်လည်ကို ကိုးပေမြင့်သည့် တံတိုင်း

ဖြင့် ကာရံခဲ့သည်။ အေဒီ ၇-ရာစု တရုတ် ရဟန်းတော် ဟူယင်ဆန် နာလန္ဒာသို့ ဝင်ရောက်သောအခါ ကျောင်းသားပေါင်း ၁၀၀၀၀-ရှိသည်။ ယင်းကျောင်းသားများမှာ အိန္ဒိယနိုင်ငံ အနှံ့နှင့် နိုင်ငံရပ်ခြားမှ ဖြစ်သည်။

နာလန္ဒာသည် အိန္ဒိယ၏ ထိပ်တန်း တက္ကသိုလ်ကြီး ဖြစ်သည်။ ယင်းတက္ကသိုလ်၏ ကျောင်းအုပ်သည် အိန္ဒိယ၏ အဦးဆုံး ဗုဒ္ဓဘာသာ ပညာရှင် သီလဘဒြ္ဒမထေရ် ဖြစ်သည်။ ထိုအချိန်က နာလန္ဒာတွင် ကျောင်းသား ၁၀၀၀၀၊ ဆရာ ၁၅၁၀ နှင့် အလုပ်သမားပေါင်း ၁၅၀၀ ရှိသည်။ နိုင်ငံခြား ကျောင်းသားများအဖြစ် တိဗက်၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ဆုမတြာ၊ ဂျဗားနှင့် သီရိလင်္ကာနိုင်ငံတို့မှ ကျောင်း သားများကို တွေ့ရသည်။ နာလန္ဒာတက္ကသိုလ်သို့ ဝင်ရောက်ခွင့် စာမေးပွဲကို နှုတ်ဖြင့် ဖြေဆိုရသည်။ ယင်းနှုတ်မေးကို ဝင်ပေါက်အနီးရှိ အဆောင်မှ ပါမောက္ခ ဖြစ်သူက စစ်ဆေးသည်။ ယင်းပါမောက္ခကို **ဒွါရပဏ္ဍိတက**ဟု ခေါ်သည်။

သက္ကတသည် တက္ကသိုလ်၏ စာပေသင်ကြားရာ ဘာသာစကား ဖြစ်သောကြောင့် ယင်းကို ကျွမ်းမှုမှာ အထူး လိုအပ်သည်။ ဗုဒ္ဓဘာသာကို အထက်တန်း ကျကျ လေ့လာသင်ကြားရန် အိန္ဒိယသို့ သွားလိုသည့် တရုတ် ရဟန်းတော် အားလုံးသည် ဂျဗားကျွန်းသို့ သွားရောက်၍ သက္ကတ ဘာသာကို ဦးစွာ လေ့လာကြရသည်။ ဟူယင်ဆန်၏ ဖော်ပြချက်အရ နိုင်ငံခြား ကျောင်းသား၂၀ ရာနှုန်းနှင့် အိန္ဒိယ ကျောင်းသား ၃၀ ရာနှုန်းသာ တက္ကသိုလ်ဝင်ခွင့် ရကြောင်း သိရသည်။

သို့ဖြစ်၍ တက္ကသိုလ်သို့ ဝင်ရောက်လိုသည့် ကျောင်းသား၏ အရည်အချင်းမှာ မြင့်မားသည်။ ဗုဒ္ဓဝါဒနှင့်အညီ ဇာတ်၊ ဂိုဏ်းဂဏနှင့် နိုင်ငံသားဖြစ်ခြင်းတို့ဖြင့် ခွဲခြားခြင်း မရှိ။ ပြင်ပကျောင်းသား မရှိ။

နာလန္ဒာ တက္ကသိုလ်ကို ဘုရင် လှူဒါန်းထားသည့် ကျေးရွာ ခုနစ်ရွာမှ ရရှိသည့် အခွန်ဝင်ငွေဖြင့် ထိန်းထားသည်။ ဗုဒ္ဓဘာသာဝင်များ အဖို့ မဟာယာန ဗုဒ္ဓဘာသာကို မသင်မနေရ ဘာသာအဖြစ် သတ်မှတ်ထားသည်။ အခြားဗုဒ္ဓ ဘာသာ ၁၈-ဂိုဏ်း၏ အယူအဆကိုလည်း သင်ယူနိုင်သည်။ ထို့ပြင် ဘာသာရေးနှင့် မပတ်သက်သော သိပ္ပံ၊ ဆေး၊ နက္ခတ္တဗေဒ၊ ပန်းချီနှင့် စာပေတို့ကို သင်ကြား၏။ ဟိန္ဒူဘာသာ၏ ပုံစံခြောက်မျိုးကိုလည်း ပို့ချပေးသည်။ ဟိနယာန ဗုဒ္ဓဘာသာကိုလည်း ထည့်သွင်းသည်။ တက္ကသိုလ်ကို စောင့်ကြည့်သည့် ဌာနမှာ အလွန် မြင့်မားသည့် မျှော်စင်၌ တည်ရှိသည်။ ဟောပြော ပို့ချခြင်း၊ စကားရည် လုခြင်းနှင့် ဆွေးနွေးခြင်းတို့မှာ သင်ရိုးညွှန်းတမ်း၏ တစ်စိတ် တစ်ဒေသ ဖြစ်သည်။ နေ့စဉ် ဟောပြော ပို့ချမှုပေါင်း ၁၀၀ ရှိကြောင်း ဟူယင်ဆန်က ဖော်ပြခဲ့သည်။ တက္ကသိုလ် စည်းကမ်းမှာ အလွန် တင်းကြပ်သည်။

နာလန္ဒာ တက္ကသိုလ်တည်ရှိရာ မြေအကျယ်အဝန်းမှာ ဧက ၃၀ ရှိသည်။ ယင်းတက္ကသိုလ်တွင် ရတနသာဂရ၊ ရတနနိဓိနှင့် ရတနရဉ္ဇန အမည်ရသည့် စာကြည့်တိုက်ကြီး သုံးခုရှိသည်။ ယင်းသုံးဆောင်အနက် တစ်ဆောင်မှာ ၉-ထပ်ရှိသည်။ နာလန္ဒာသည် အိန္ဒိယ၏ အကျော်ကြားဆုံး အထက်မြက်ဆုံး ဗုဒ္ဓဘာသာပညာရှင်များ တည်ရှိခြင်းကြောင့် ဂုဏ်တက်ခဲ့သည်။ ယင်းတို့အနက် အချို့မှာ နာဂရဇ္ဇုန၊ အရိဒေဝ၊ ဓမ္မပါလ၊ သီလဘဒြ္ဒ၊ သန္တရက္ခိတ၊ ကမလသီလ၊ ဘာဝိဝေက၊ ဒိဃနာဂ၊ ဓမ္မကိတ္တိ စသည်တို့ ဖြစ်သည်။ ၎င်းတို့ ရေးခဲ့သည့် ကျမ်းစာ ၁၄ အုပ်ကို ယခုအခါ တိဗက်နှင့် တရုတ်ဘာသာတို့ဖြင့် ဖတ်ရှုနိုင်သေးသည်။ ယင်းတို့၏ မူရင်းကျမ်းစာများမှာ အနောက်ဖက်မှ ကျူးကျော်လာသည့် တူရကီဂိုဏ်းသစ်တို့ တက္ကသိုလ်ကို မီရှို့ပြီး ရဟန်းတော်များကို ကွပ်မျက် သတ်ဖြတ်စဉ် ပျောက်ဆုံးကုန်သည်။

ရဟန်းတော်များ ဆွမ်းဘုဉ်းပေးနေစဉ် ယင်းသို့ မီရှို့ခံခဲ့ရခြင်း ဖြစ်သည်။ စားသောက်ဖွယ်တို့ကို အလျှင်အမြန် စွန့်ခဲ့ရပုံကို ဖော်ပြသည့် ရှေးဟောင်းသုတေသန တူးဖော်မှုများက ယင်းအဆိုကို ထောက်ခံသည်။ ဂိုဒေါင်များတွင် လောင်ကျွမ်းနေသည့် ထမင်းများကလည်း ထိုအဆိုကို

အားရှိစေသည်။ နာလန္ဒာ၏ အပျက်အစီးများနှင့် တူးဖော်တွေ့ရှိချက်များကို အိန္ဒိယအစိုးရက ပြတိုက်တွင် ကောင်းစွာ ပြသထားသည်။

၁၉၅၈–ခုနှစ်၊ နိုင်ဝင်ဘာလ ၁၉–ရက်နေ့တွင်အိန္ဒိယ သမ္မတ ရာဇိန္ဒြာပရာဆဒ်က တက္ကသိုလ်ဟောင်း နေရာနှင့် မနီးမဝေးတွင် နာလန္ဒာကျောင်းတော်သစ်ကို အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့သည်။ ပိဋကတ်ကျွမ်းကျင် သည့် ရဟန်းတော် အရှင်ဇဂဒိသကဿပအား ၁၉၅၇–ခုနှစ်၊ ဇန်နဝါရီလ ၁–ရက် နေ့တွင် ကျောင်းအုပ်ကြီး အဖြစ် ခန့်အပ်ခဲ့သည်။ တိဗက် ဘုန်းတော်ကြီး ဒလိုင်းလားမားသည် နာလန္ဒာတက္ကသိုလ်မှ ထင်ရှားခဲ့သည့် ပညာရှင် ရဟန်းတော် ဟူယင်ဆန်၏ အရိုးပြာများကို နေရူးအစိုးရအား လွှဲပြောင်း ပေးအပ်ခဲ့သည်။ ထိုအရိုးပြာများကို ထည့်သွင်းဌာပနာမည့် ဂူဗိမာန် တည်ဆောက်နိုင်ရန် တရုတ်အစိုးရက ရူပီး၄ါးသိန်းလှူဒါန်းခဲ့သည်။ ဣန္ဒိဂိုဏ်းသစ်ဝင်တို့သည် တက္ကသိုလ် တည်ဆောက်ရေးအယူအဆကို ဥရောပသို့ ယူဆောင်ခဲ့ကြသဖြင့် ဥရောပ၌ တက္ကသိုလ်ကျောင်းတိုက်များ ပေါ်ပေါက်လာခဲ့ကြောင်း ပညာရှင်တို့ အဆိုရှိသည်။

## ဝိက္ကမသိလာတက္ကသိုလ်

ဝိက္ကမသိလာ တက္ကသိုလ်သည် မာဂဓနိုင်ငံ မြောက်ပိုင်း ဂင်္ဂါမြစ်ကမ်းတွင် တည်ရှိခဲ့သည်။ ဝိက္ကသိလာတက္ကသိုလ် တည်ရှိသည့် နေရာကို တူးဖော်တွေ့ရှိခြင်း မရှိသေးသော်လည်း ယင်းတက္ကသိုလ် တူးဖော်ရေး စီမံချက်ကြီးကြပ်သူ တာဝန်ခံ ရှေးဟောင်းသုတေသနပညာရှင် ဒေါက်တာ ဘီအက်စ် ဗာရမာသည် ဝိက္ကသိလာတက္ကသိုလ် အပျက်အစီးများကို ရှာဖွေတွေ့ရှိသည့် အကြောင်းကို ၁၉၈၀–ပြည့်နှစ်၊ ဧပြီလ ၂၅–ရက်နေ့ထုတ် အိန္ဒိယသတင်းစာ ဆာတ်ချ်လိုက်တ်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

ယင်းသတင်းစာအရ ဝိက္ကမသိလာသည် ဗာဂလပုရခရိုင်၊ ကာဟာလဂေါနမြို့ အန္တိချာကကျေးရွာ၌ တည်ရှိကြောင်း သိရသည်။ ယင်းတက္ကသိုလ်သည် နာလန္ဒာ၏ တိုက်ခွဲတစ်ခု ဖြစ်ပြီး ဓမ္မပါလဘုရင် လက်ထက် (အေဒီ ၇၇၀–၈၁၀) ဓမ္မပါလဘုရင်၏ ဦးဆောင်မှုဖြင့် ကမပါလ ရဟန်းတော်က တည်ထောင်ခဲ့ကြောင်း ယင်းသတင်းစာ၌ ပြဆိုသည်။ အဆိုပါမင်းသည် ယင်းတက္ကသိုလ်ကို ဆက်လက် ထိန်းသိမ်းရန် မြေများကို လှူဒါန်းခဲ့သည်။ ယသပါလ ဘုရင်လည်း ယင်းတက္ကသိုလ်အတွက် နယ်မြေများ လှူဒါန်းပြီး ထောက်ပံ့မှု ပြုခဲ့သည်။ ပါလမင်းများ လက်ထက်တွင် ဝိက္ကမသိလာသည် တစ်ရှိန်ထိုး တိုးတက်ခဲ့သည်။

ထိုအချိန်တွင် ဝိက္ကမသိလာသည် နာလန္ဒာတက္ကသိုလ်နှင့် အပြိုင်အဆိုင်ဖြစ်လာပြီး တက္ကသိုလ် ထွန်းတောက်ရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ တက္ကသိုလ်၏ အလယ်တွင် ပင်မစာသင်ခန်းမကြီး ရှိသည်။ ယင်းကို ‘ဝိဇ္ဇာဂေဟ’ ဟုခေါ်သည်။ ယင်းအဆောက်အဦသို့ ဝင်ပေါက် ခြောက်ခုရှိပြီး ယင်းဝင်ပေါက် တစ်ခုစီ၏ အနီး၌ ရဟန်းတော်များ နေထိုင်ရန်ကျောင်းဆောင်များ ရှိသည်။ ယင်းဝင်ပေါက် အနီးရှိ အဆောင်တိုင်း၌ဆရာ ၁၅၀–ခန့်အတွက် နေရာရှိသည်။ နာလန္ဒာတက္ကသိုလ် ကဲ့သို့ပင်ဝိက္ကမသိလာ တက္ကသိုလ်ကိုလည်း မြင့်မားသည့် နံရံတံတိုင်းဖြင့် ကာရံထားသည်။ ယင်းတက္ကသိုလ်၌ တက္ကသိုလ်သို့ ဝင်ရောက်လိုသူများအားစစ်ဆေးသည့် **ဒွါရပဏ္ဍိတ ပါမောက္ခ** ခြောက်ယောက် ရှိသည်။ ဝိက္ကမသိလာသို့ ဝင်ခွင့် အရည်အချင်းမှာ အလွန်မြင့်သည်။ ပါမောက္ခ ၁၀၈–ယောက်က သင်ကြားရေးနှင့် အုပ်ချုပ်ရေး တာဝန်များကို စီမံကြသည်။ ကျောင်းသားများအတွက် သင်ရိုးညွှန်းတမ်းမှာ နာလန္ဒာတက္ကသိုလ်နှင့် တူညီသည်။ ဤတက္ကသိုလ်၌ တန္တြရဗုဒ္ဓဝါဒ ပုံစံကို ရည်ညွှန်း ဘာသာအဖြစ် ပေးထားသည်။

အတိဆာ (အေဒီ ၉၆၀–၁၀၅၅)ဟုလည်း ထင်ရှားသည့် ဒီပင်္ကရသိရိဂဏာနသည် ဝိက္ကမသိလာ၏ ရှားသည့် ပညာရှင်များ၌ ပါဝင်သူ ဖြစ်သည်။ ၎င်း၏ ကျော်ကြားမှုမှာ တိဗက်နိုင်ငံ၌ ဗုဒ္ဓဝါဒပြန့်နှံ့အောင် ဆောင်ရွက်ခဲ့သောကြောင့် ဖြစ်သည်။ တိဗက်တို့သည် ၎င်း၏ အမည်နာမကို

အလွန် လေးစားကြသည်။ ဝိက္ကမသီလာ၌ နေထိုင်စဉ် ၎င်းအား တိဗက်၌ ဗုဒ္ဓဝါဒကို ဖြန့်ဖြူးရန် ဖိတ်ကြားခြင်း ခံရသည်။ အတိဆာသည် ဝိက္ကမသီလာ၌ ၎င်း၏လုပ်ငန်းများ ပြီးဆုံးသည်အထိ အတန်ကြာ အချိန်ဆွဲထားပြီးမှ တိဗက်သာသနာပြု လုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ဝိက္ကမသီလာသည် အတိဆာ၏ လက်ထက်တွင် အလွန် ကြွယ်ဝခဲ့သည်။ သိရိဂဏာန (အတိဆာ)၏ ခေတ်သည် ဝိက္ကမသီလာ၏ ရွှေခေတ် ဖြစ်သည်။ အေဒီ ၁၀၃၈–တွင် သိရိဂဏာနသည် ဗုဒ္ဓဝါဒသင်ယူရေးကို စည်းရုံး လှုံ့ဆော်ရန် တိဗက်သို့ ထွက်ခွာခဲ့သည်။ ဝိက္ကမသီလာကို ပါမောက္ခများအဖွဲ့က ကြီးကိုင်သည်။ ယင်းအဖွဲ့သည် ပညာရေးအဖွဲ့၊ အုပ်ချုပ် ရေးအဖွဲ့၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာအဖွဲ့နှင့် ဝင်ခွင့်စာမေးပွဲ တာဝန်ခံအဖွဲ့တို့ကို ထပ်ဆင့်ဖွဲ့စည်ထားသည်။ အေဒီ ၈၀၀–ခန့်တွင် ဖွင့်လှစ်ခဲ့သည့် ဝိက္ကမသီလာတက္ကသိုလ်သည် ဣနိဂိုဏ်းသစ်ဝင်တို့၏ ဖျက်ဆီးခံရချိန်ထိ ယင်းဒေသ၏ ဂုဏ်ရောင်ကို ထွန်းပြောင်စေခဲ့သည်။

## ဩဒန္တပူရီတက္ကသိုလ်

ဩဒန္တပူရီ တက္ကသိုလ်သည် အိန္ဒိယတက္ကသိုလ်များအနက် ဒုတိယ ရှေးအကျဆုံး ဖြစ်သည်။ ယင်းသည် မာဂဓတိုင်း၌ ပါဝင်ပြီး နာလန္ဒာ တက္ကသိုလ်မှ ခြောက်မိုင် အကွာတွင်ရှိသည်။ ဝိက္ကမသီလာ၏ အာစရိယ သိရိဂင်သည် ဤတက္ကသိုလ်၌ ပညာသင်ဖူးခဲ့သည်။ နောင်အခါ ၎င်းသည် ဩဒန္တပူရီတက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ ဂေါပါလဘုရင် (အေဒီ ၆၆၀–၇၀၅)သည် ယင်းတက္ကသိုလ်ကို တည်ထောင်ရာ၌ ကူညီခဲ့သည်။ တိဗက်မှတ်တမ်းများအရ ဩဒန္တပူရီတက္ကသိုလ်၌ ကျောင်းသားပေါင်း ၁၂၀၀၀–ရှိခဲ့သည်။

ဤပညာသင်ကြားရာ ဌာနကြီးနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များမှာ မရှင်းလင်းသေးဘဲ ရှိသည်။ ခိုင်လုံသည့် အချက်လက်များကို ရှာဖွေဆဲဖြစ်သည်။ ဤတက္ကသိုလ်ကြီးလည်း ဣနိသစ်ကျူးကျော်သူများ၏ လက်ချက်ကြောင့်ပင် ပျက်စီး ဆုံးရှုံးခဲ့ရသည်။ ဣနိသစ်စစ်သားတို့သည် အုတ်တံတိုင်း ခတ်ထားသည့် ယင်း ပညာသင်ကြားရာဌာနကြီးများကို ခံတပ်အဖြစ် ထင်မှတ်ပြီး ဗုဒ္ဓဘာသာ ရဟန်းများကိုမူ ခေါင်းရိတ်ထားသည့် ရုပ်တုကိုးကွယ်သူ ပုဏ္ဏားများဟု ထင်မှားခဲ့ကြသည်ဟု ဆိုသည်။

## သောမပူရတက္ကသိုလ်

သောမပူရတက္ကသိုလ်သည် အရှေ့ပါကစ္စတန် (ဘင်္ဂလားဒေ့ရှ်)တွင် တည်ရှိသည်။ ဒေဝပါလဘုရင် (အေဒီ ၈၁၀–၈၅၀)သည် သောမပူရတက္ကသိုလ်၌ ဓမ္မပါလဝိဟာရကို တည်ဆောက်ခဲ့သည်။ ယင်းတက္ကသိုလ်ကျောင်းတိုက်၏ မြေနေရာသည် စတုရန်း တစ်မိုင်ခန့် ကျယ်ဝန်းသည်။ ယင်း တက္ကသိုလ်၌ ရောမဝင်ပေါက်ကြီး တစ်ခုရှိပြီး မြင့်မားသည့် တံတိုင်းရှိသည်။ ယင်းတက္ကသိုလ်၌ ဘုရားခန်းများ၊ ရုပ်ပွား တော်ဆောင်များနှင့် တွဲထားသည့် သံဃာတော်များ သီတင်းသုံးရန် ကျောင်းဆောင် ၁၇၇–ဆောင်ရှိသည်။

အပျက်အစီးများ အကြား၌ အများသုံး ဆွမ်းစားဆောင် တစ်ခုနှင့် မီးဖိုချောင်တစ်ခု ပါသည်။ သုံးခုတွဲ အဆောင်များကို ယနေ့တိုင် တွေ့မြင်နိုင်သေးသည်။ ယင်း တက္ကသိုလ်သည် နှစ်ပေါင်း ၇၅၀–ခန့် ရှင်သန်ခဲ့ပြီး အေဒီ ဆယ့်သုံးရာစု ဣနိသစ်တို့ တိုက်ခိုက် ခံရပြီးနောက် ဗုဒ္ဓဘာသာ ရဟန်းတော်များ ဤတက္ကသိုလ်ကြီးကို စွန့်ပစ်ခဲ့ကြရသည်။

## ဇဂဒ္ဒလာတက္ကသိုလ်

ရာမပါလဘုရင် (အေဒီ ၁၀၇၇–၁၁၂၉)သည် ဇဂဒ္ဒလာ တက္ကသိုလ်ကို တည်ထောင်သူ ဖြစ်သည်ဟု ဆိုသည်။ ဇဂဒ္ဒလာ တက္ကသိုလ်အား အကြီးကျယ်ဆုံးသော တည်ဆောက်မှု လုပ်ငန်းများကို ပါလမင်းများက ဆောင် ရွက်ခဲ့သည်။ ယင်း တက္ကသိုလ်သည် စာပေသင်ကြားရာဌာနနှင့် တန္တရ ဗုဒ္ဓဝါဒကို ဖြန့်ဖြူးသည့် ဌာနကြီးဖြစ်သည်။ ယင်းတက္ကသိုလ်သည်

နာလန္ဒာ၏ နည်းလမ်းများ၊ ကျင့်စဉ်များနှင့် အစဉ်အလာများကို လိုက်နာသည်။ တိဗက်မှတ်တမ်းများ အဆိုအရ ဇဂဒ္ဒလာတက္ကသိုလ်၌ ကျမ်းပေါင်းများစွာကို တိဗက်ဘာသာသို့ ပြန်ဆိုခဲ့ကြောင်း သိရသည်။

ဗုဒ္ဓဘာသာဆရာကြီး **သကျသိရိဘဒြ**သည် နာလန္ဒာ၊ ဝိက္ကမသိလာနှင့် ဩဒန္တပူရိတက္ကသိုလ်များကို တူရကီတို့ ဖျက်ဆီးလိုက်ပြီ ဖြစ်သဖြင့် ပညာသင်ကြားရန် ဇဂဒ္ဒလာတက္ကသိုလ်သို့ ဝင်ရောက်ခဲ့သည်။ ၎င်း၏ တပည့် ဒါနသီလသည် ကျမ်းစာ ၁၀–အုပ်ကို တိဗက်ဘာသာသို့ ပြန်ဆိုခဲ့ကြောင်း သိရသည်။ သကျသိရိဘဒြသည် တန္တရဗုဒ္ဓ ဘာသာကို တိဗက်၌ ပြန်လည် ဖြန့်ဖြူးသူ ဖြစ်သည်။ ၎င်းသည် ဇဂဒ္ဒလာတက္ကသိုလ်၌ ၇–နှစ်ကြာ နေထိုင်ခဲ့သည်။ အေဒီ ၁၀၂၇–တွင် တူရကီသစ်ကျူးကျော်သူများသည် ဤ တက္ကသိုလ်ကြီးအား တူးဖြိုဖျက်ဆီးပစ်လိုက်ကြသည်။

## ဝလ္လဘိတက္ကသိုလ်

ဝလ္လာဘိတက္ကသိုလ်သည် နာလန္ဒာတက္ကသိုလ် ကဲ့သို့ပင် အလွန် ထင်ရှားခဲ့သော တက္ကသိုလ်ဖြစ်သည်။ အိန္ဒိယ အနောက်ဖျားကို အုပ်ချုပ်ခဲ့ကြသော **မိတြက**ဘုရင်များသည် မြို့တော်ဝလ္လာဘထိရ၌ ဘုန်းကြီးကျောင်းတိုက်တစ်ခု တည်ဆောက်ခဲ့ကြသည်။ နာလန္ဒာတက္ကသိုလ်သည် မဟာယာန ဗုဒ္ဓဘာသာ၏ ဗဟိုဌာနချုပ် ဖြစ်သကဲ့သို့ ဝလ္လာဘိတက္ကသိုလ်သည် ဟိနယာန ဗုဒ္ဓဘာသာကိုပို့ချသည့် ဗဟိုဌာနအဖြစ် ထင်ရှား၏။ မိတြကဘုရင်များသည် ၎င်းတို့၏ တက္ကသိုလ် အဓွန့်ရှည်စေရန် ရက်ရောစွာ လှူဒါန်းခဲ့ကြသည်။ ၎င်းတို့သည် ဤတက္ကသိုလ်ကျောင်းများ၌ လိုအပ်သည် မှန်သမျှကို အားပေး ကူညီခဲ့ကြသည်။ အေဒီ ၇–ရာစုတွင် ဝလ္လာဘိတက္ကသိုလ်သည် နာလန္ဒာကဲ့သို့ပင် ကြွယ်ဝပြီး ထင်ရှား ကျော်ကြားခဲ့သည်။ တရုတ် ရဟန်းတော် ဟူယင်ဆန်သည် ဝလ္လာဘိတက္ကသိုလ်သို့ ရောက်ရှိခဲ့ပြီး ၎င်း၏မှတ်တမ်း၌ အောက်ပါအတိုင်း ဖော်ပြခဲ့သည် –

‘ဝလ္လာဘိနိုင်ငံ၏ လူဦးရေမှာ အလွန်များပြား၏။ နိုင်ငံသည် အလွန် ချမ်းသာ ကြွယ်ဝပြီး သန်းကြွယ်သူဌေး မိသားစု ၁၀၀–ကျော် နေထိုင်၏။ ဤနိုင်ငံ၌ ပြည်ပမှ တင်သွင်းသော ဇိမ်ခံ ပစ္စည်းများကို တွေ့ရ၏။ ဘုန်းကြီးကျောင်းပေါင်း ၁၀၀–ကျော် ရှိပြီး ရဟန်းတော်ပေါင်း ၆၀၀၀–ကျော်ရှိ၏။ ရဟန်းတော် အများစုမှာ **သမ္မိတိယ**ဂိုဏ်းဝင်များ ဖြစ်ကြ၏။ ယင်းနိုင်ငံတွင် ဟိန္ဒူဘုရားကျောင်း များစွာရှိပြီး နိုင်ငံအနှံ့အပြား၌ ဟိန္ဒူဘာသာဝင်များစွာ နေထိုင်ကြ၏။ ဗုဒ္ဓရှင်တော်မြတ်သည် သာသနာပြုရန် ဤနိုင်ငံသို့ ကြွရောက်ခဲ့ဖူး၏။ မြတ်ဗုဒ္ဓ ကြွရောက်စဉ်က သီတင်းသုံးခဲ့သည့် နေရာတော်များကို အထိမ်းအမှတ်ပြုရန် သိရိဓမ္မာ အသောကမင်း တည်ထားခဲ့သော စေတီများစွာရှိသည်’။

ဝလ္လာဘိတက္ကသိုလ်၌ ဘုရားဆောင် ၁၀၀–ခန့်ရှိပြီး ပညာသင်ကြားနေသည့် သံဃာတော် ၆၀၀၀–ခန့်ရှိသည်။ သံဃာတော်များသည် အဘိဓမ္မာကို ဘုရားဟောအဖြစ် လက်မခံကြချေ။ ၎င်းတို့သည် **အန္တရာဘဝ** အယူအဆကို လက်ခံကြ၏။ သုတ္တပိဋကမှ တစ်ပါးသော အဘိဓမ္မာကို အသိအမှတ်မပြုသော အစဉ်အလာကို လက်ခံသည့် ပုဂ္ဂလဝါဒကို ဟောကြားသူများ ဖြစ်ကြသည်*။

## အိကျင်၏ မှတ်တမ်း

အိကျင်သည် ဝလ္လာဘိတက္ကသိုလ်၌ ရပ်ဝေးရပ်နီးမှ လာရောက်ကြသည့် နိုင်ငံခြား ကျောင်းသားများ ရှိကြောင်း မှတ်တမ်းခဲ့သည်။ ထို့ကြောင့် ဝလ္လာဘိတက္ကသိုလ်သည် နာလန္ဒာကဲ့သို့ပင် အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုခဲ့သည့် တက္ကသိုလ်ဖြစ်ကြောင်း မှတ်ယူနိုင်သည်။ ယင်း တက္ကသိုလ်၌ ရောမ စာကြည့်တိုက်ကြီး တစ်ခုရှိသည်။ ယင်း တက္ကသိုလ်ကို ဘုရင် ဖွဲ့စည်းသည့် ရံပုံငွေအဖွဲ့ဖြင့် ထိန်းသိမ်း ထောက်ပံ့သည်။ ဂုဟာသေနဘုရင် ရေးထိုးခဲ့သည့် ကျောက်စာတစ်ခုက ဤအချက်ကိုထောက်ခံသည်။ ယင်းတက္ကသိုလ်၌ သမ္မိတိယဂိုဏ်း၏ ဓမ္မများကို ဦးစားပေး

ပို့ချသည်။ ဘာသာတစ်ခုနှင့် တစ်ခု နှိုင်းယှဉ် လေ့လာမှုများကို ထည့်သွင်းထားသည်။ ဟိန္ဒူဒဿနပုံစံ ခြောက်မျိုး၊ အခြားသော ဗုဒ္ဓဝါဒအယူအဆများ၊ နိုင်ငံရေး၊ ဥပဒေ၊ စိုက်ပျိုးရေးနှင့် စီးပွားရေးတို့ကိုလည်း သင်ရိုးညွှန်းတမ်း၌ ထည့်သွင်းထားသည်။

အိကျင်သည် ဝလ္လာဘိတက္ကသိုလ်မှ ဘွဲ့ရပုဂ္ဂိုလ်များသည် ရိုးသားမှု၊ မြင့်မြတ်မှုတို့ကြောင့် ထင်ရှားကြောင်း မှတ်တမ်းတင်ခဲ့သည်။ အရှင်ဂုဏမတိနှင့် သျှတိရာမိတတို့သည် နာလန္ဒာတက္ကသိုလ် ကျောင်းထွက်များဖြစ်ပြီး ဝလ္လာဘိတက္ကသိုလ်၌ အတန်ကြာ စာပေပို့ချခဲ့ကြကြောင်း ဖော်ပြသည်။ ၎င်း မထေရ်နှစ်ပါးသည် ဝလ္လာဘိတက္ကသိုလ်ကို တည်ထောင်သူများ ဖြစ်ကြောင်းလည်း အဆိုရှိသည်။ တည်ထောင်သူများမှာ နာလန္ဒာတက္ကသိုလ် ကျောင်းထွက်များ ဖြစ်သဖြင့် ဝလ္လာဘိတက္ကသိုလ်၏ လှုပ်ရှားမှု ပုံစံတို့မှာ နာလန္ဒာနှင့် တူညီသည်။ အေဒီ ၄၇၅–မှ အေဒီ ၁၂၀၀ အထိ ရှင်သန်ခဲ့ပြီး ဤတက္ကသိုလ်သည်လည်း အခြား တက္ကသိုလ်များ၏ ကံကြမ္မာကဲ့သို့ပင် က္ကုနိသစ်တို့၏ လက်ချက်ကြောင့် ပျက်စီးသွားခဲ့သည်။

## သီရိလင်္ကာဗုဒ္ဓတက္ကသိုလ်များ

ပေါ်တူဂီတို့ သီရိလင်္ကာနိုင်ငံကို သိမ်းယူသေအခါ ကေရဂါလ၊ ဝတ္တာလစသော မြို့များ၌ ဗုဒ္ဓဘာသာကျောင်းများ ရှင်သန်လျက်ရှိသည်။ ထိုခေတ်၌ ရေးသည့် သန္ဒေသ ပါဠိကဗျာများ၌ ယင်းကျောင်းတိုက်များနှင့် ပါမောက္ခများ အကြောင်းကို ခမ်းနားစွာ ဖော်ပြကြသည်။ ထိုခေတ် ပေါ်တူဂီ စာရေးဆရာများ၏ အဆိုအရ ထိုကျောင်းတိုက်များသည် တစ်ခုနှင့်တစ်ခု ခဲတစ်လုံးမျှ ပစ်လွှင့်ခြင်းမရှိဘဲ ငြိမ်းချမ်းစွာ တည်ရှိကြကြောင်း သိရသည်။ **ကွိုင်ရော့ဇ်** အမည်ရှိ ပုဂ္ဂိုလ်သည် ဝတ္တာလဝိဇယဗာဟု ပရိဝေဏကျောင်းတိုက်ကို ဖျက်ဆီးပစ်ပုံနှင့် ထိုကျောင်းတိုက်နေရာ၌ က္ကုနိပောင်းတို့၏ ဘုရားကျောင်းတစ်ခု တည်ဆောက်ပုံ အကြောင်းအရာကို ဖော်ပြခဲ့သည်။

ယင်းနောက် သီရိလင်္ကာနိုင်ငံသည် သူ့ကျွန်အဖြစ် နှစ်ပေါင်း ၂၀၀–မျှ ဖြတ်သန်းရသည်။ ဘုရင် ကိတ္တိသိရိ ရာဇသီဟမင်း လက်ထက်၌ ဝေလိဝိတ္တသရဏင်္ကရ မထေရ်သည် နိယာမကန္ဒနှင့် ဥဒုဏ္ဏာရမြို့တို့၌ ဗုဒ္ဓဘာသာကျောင်းများ ဖွင့်လှစ်လျက် ဗုဒ္ဓ၏ အဆုံးအမ ပြန်လည် ရှင်သန်ရေးအတွက် ဆောင်ရွက်ခဲ့သည်။ ထိုဆရာတော်၏ တပည့်များက ကိုလံဘိုမြို့၌ ဝိဇ္ဇောဒယနှင့် ဝိဇ္ဇာလင်္ကာရ ကျောင်းတိုက်များ တည်ထောင်ခဲ့ကြသည်။ နောင်အခါ ယင်းကျောင်းတိုက်များကို သီရိလင်္ကာ အစိုးရက တက္ကသိုလ်များအဖြစ် သတ်မှတ်ပေးခဲ့သည်။

ဗုဒ္ဓဝါဒသည် ၎င်းထွန်းကားသည့် နိုင်ငံ၌ ပညာသင်ယူခြင်းနှင့် ယဉ်ကျေးမှု နယ်ပယ်တွင် ကိုယ်ပိုင်ဟန်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း တွေ့နိုင်သည်။ လူသားတို့၏ အဆိုးဆုံး ရန်သူမှာ မသိမှုအဝိဇ္ဇာ ဖြစ်ပြီး အသိပညာသည်သာ အမြင့်ဆုံး အနှစ်သာရ ဖြစ်ကြောင်း ဆိုးမသော ဘာသာတရားအဖြစ် ထင်ရှားသည်။ လောက၌ ကောင်းသောအရာ မှန်သမျှနှင့် အမြင့်ဆုံး ပျော်ရွှင်မှုကို အသိပညာဖြင့်သာ ရနိုင်သည်။ ❐

-------------------------------------

* ယင်းသို့ယူဆသဖြင့် ဟိနယာနသည် ထေရဝါဒနှင့် မတူကြောင်း မှတ်သင့်သည်။

**Sources:**
1. Amarasiri Weeraratne, *The Island, 15 May 2003*
2. S. Dhammika, *Middle Land Middle Way*